Myanmar Centre for Responsible Business

AAR Japan
Association for Aid and Relief, Japan

## သတင်းထုတ်ပြန်ချက်

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ (၃)ရက်၊ တနင်္လာနေ့

# စားသုံးသူများအနေဖြင့်ဖြစ်စေ၊ ဝန်ထမ်းများအနေဖြင့်ဖြစ်စေ မသန်စွမ်းသူများ ပါဝင်လာစေရန် စီးပွားလုပ်ငန်းများ ပိုမိုလုပ်ဆောင်ရန် လိုအပ်

မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (MCRB) နှင့် အေအေအာဂျပန် အကူအညီပေးရေးနှင့် ပြန်လည်ထူထောင်ရေးအသင်း (AAR Japan) တို့မှ "မသန်စွမ်းသူများအား အလုပ်ခန့်ထားခြင်း (မြန်မာနိုင်ငံရှိ အလုပ်ရှင်များအတွက် လက်စွဲစာအုပ်)" ကို ယနေ့ထုတ်ဝေလိုက်သည်။ ဤလက်စွဲစာအုပ်၏ ရည်ရွယ်ချက်မှာ မသန်စွမ်းသူများ လက်လှမ်းမီသော အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးရန်၊ မသန်စွမ်းသူများကို အလုပ်ပိုမို ခန့်အပ်နိုင်ရန်နှင့် ၎င်းတို့ အလုပ်မြဲရန် မည်သို့ လုပ်ဆောင်နိုင်ကြောင်း မြန်မာနိုင်ငံရှိ အလုပ်ရှင်များကို လက်တွေ့ကျသည့် အကြံဉာဏ်များပေးရန်အတွက် ဖြစ်သည်။

နေပြည်တော်ရှိ ၂၀၁၈ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ကျင်းပရာ အခမ်းအနား၌ ဤလက်စွဲစာအုပ်ကို မိတ်ဆက်ခဲ့သည်။ ယခုနှစ်အခမ်းအနား၏ ဆောင်ပုဒ်မှာ "အားလုံးတူညီအခွင့်အရေး ရရှိရေး၊ မသန်စွမ်းသူများအစွမ်းမြှင့်တင်ပေး" ဖြစ်သည်။ ထိုအခမ်းအနားတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူမှ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ ဒုတိယသမ္မတသည် ဤလက်စွဲစာအုပ်တွင်လည်း ဥယျောဇဉ် ရေးသားပေးထားပါသည်။

မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန၏ ဒါရိုက်တာဖြစ်သူ ဗစ်ကီဘိုမန်မှ "*၂၀၁၄ ခုနှစ်သန်းခေါင်စာရင်းအစီရင်ခံစာအရ မြန်မာနိုင်ငံမှာရှိတဲ့ လူဦးရေရဲ့ ၂.၃သန်းက မသန်စွမ်းသူတွေ ဖြစ်ပါတယ်။ သူတို့တွေဟာ အခြားသာမန်လူတွေလိုမျိုး လုပ်ငန်းခွင်မှာ တန်းတူပါဝင်လုပ်ကိုင်ခွင့်မရရှိကြဘူးဆိုတာ ရှင်းရှင်းလင်းလင်းတွေ့မြင်ရပြီးဖြစ်တယ်၊ အဲ့ဒါက မသန်စွမ်းသူတွေအတွက် မကောင်းသလို၊ စီးပွားရေးလုပ်ငန်းတွေအတွက်လည်း ဆုံးရှုံးမှု တစ်ခုပဲဖြစ်တယ်၊ ကုမ္ပဏီတွေကမသန်စွမ်းသူတွေပိုမို ပါဝင်လာရေး အလေးထားလုပ်ဆောင်မယ်ဆိုရင် အရည်အချင်းရှိတဲ့ ဝန်ထမ်းအသစ်တွေ ရှာတွေ့နိုင်မှာ ဖြစ်သလို၊ မသန်စွမ်း စားသုံးသူတွေလဲ ပိုမိုရရှိမှာဖြစ်တယ်။*"

"*USA မှ Accenture ရဲ့မကြာသေးခင်က ထုတ်ဝေခဲ့တဲ့ "Getting to Equal: The Disability Inclusion Advantage" အစီရင်ခံစာမှာဆိုရင် မသန်စွမ်းသူတွေ ပါဝင်လာအောင် လုပ်ဆောင်နိုင်မှု အရှိဆုံး ကုမ္ပဏီတွေကို အခြားကုမ္ပဏီတွေနဲ့ နှိုင်းယှဉ်ရင် ဝင်ငွေ ၂၈ ရာခိုင်နှုန်း ပိုမိုရရှိတာ၊ အသားတင်ဝင်ငွေ ၂ဆ ပိုမိုမြင့်တက်တာ၊ ၃၀ရာခိုင်နှုန်းပိုပြီးတော့ အမြတ်အစွန်း ရရှိတာ၊ ငွေကြေးအရလည်း ၎င်းတို့ရဲ့ ပြိုင်ဖက်ကုမ္ပဏီတွေထက် ၂ဆပိုမိုကောင်းမွန်တာကို သုတေသနပြုလုပ်ခဲ့တဲ့ ၄နှစ်တာအချိန်အတိုင်းအတာ အတွင်းမှာ တွေ့မြင်ခဲ့ရတယ်။ အဲဒါဟာ မသန်စွမ်းသူတွေကို အလုပ်ခန့်ထားတဲ့အတွက် စီးပွားရေးအရ အကျိုးအမြတ်ရတယ်ဆိုတာကို ထပ်မံသက်သေထူပြလိုက်တာပါပဲ။ အဲဒါက ပိုမိုစိတ်အားထက်သန် ကြိုးစားတဲ့ လုပ်သားအင်အားစု၊ အလုပ်မြဲတဲ့ ဝန်ထမ်းတွေ၊ အရည်အချင်းမျိုးစုံရှိတဲ့ ဝန်ထမ်းတွေနဲ့ စာသုံးသူ အများအပြားရရှိပြီး ကုမ္ပဏီက နာမည်ကောင်းရရှိတယ် ပိုခိုင်လာတယ်လို့ ဆိုလိုတာပါ။*"

"*MCRB ရဲ့ အတွေ့အကြုံအရ မြန်မာနိုင်ငံကစီးပွားရေးလုပ်ငန်းတွေက မသန်စွမ်းတွေကိုပိုပြီး အလုပ်ခန့်ထားချင်ပေမဲ့လည်း ဘယ်လိုစတင်လုပ်ဆောင်ရမယ်ဆိုတာကို မသိကြဘူး၊ ဒါကြောင့်မလို့ ဒီစာအုပ်က လက်တွေ့ကျတဲ့ အကြံဉာဏ်ပေးဖို့ ဦးတည် ရေးသားထားပါတယ်။ နောက်ပြီးတော့ မသန်စွမ်းသူတွေကို ဘယ်လို အလုပ်ခန့်အပ်ရမယ်၊ အလုပ်မြဲအောင် ဘယ်လိုလုပ်ဆောင်ရမယ်၊ အဆင်ပြေသင့်လျော်တဲ့*

*ပတ်ဝန်းကျင်ဖြစ်စေဖို့ လုပ်ငန်းခွင်မှာ ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးရမှာတွေက ဘာတွေဖြစ်နိုင်လဲ၊ လျော်ကန်တဲ့ စကားလုံးအသုံးအနှုန်းနဲ့ နောက်ထပ် အကြံဉာဏ်တွေကို ဘယ်နေရာတွေမှာ ရရှိနိုင်လဲဆိုတဲ့ မေးနေကျမေးခွန်းတွေအတွက် အဖြေတွေပါ ရှိတယ်။"*

အေအေအာ ဂျပန် အကူအညီပေးရေးနှင့် ပြန်လည်ထူထောင်ရေးအသင်း (AAR Japan) မှ ရန်ကုန်ရုံးတာဝန်ခံ Yashio NAKAGAWA မှ *"မသန်စွမ်းသူတွေကိုယ်တိုင်က မိမိကိုယ်ကို ယုံကြည်မှုနဲ့ စွမ်းဆောင်ရည်မြှင့်တင်ရန်လိုအပ်တယ်၊ AAR Japan က ၂၀၀၀ခုနှစ်ကနေစတင်ပြီးတော့ မသန်စွမ်းသူတွေ စွမ်းဆောင်ရည်မြှင့်တင်ရာမှာ အကူအညီပေးဖို့အတွက် အသက်မွေးဝမ်းကျောင်း သင်တန်းကို ဖွင့်လှစ်ထားပါတယ်၊ ယခုဆိုရင် ၁၈ နှစ်ရှိပြီ ဖြစ်တယ်"*

*"ကုမ္ပဏီတွေနဲ့ အခြားအဖွဲ့အစည်းတွေက အားလုံးအကျုံးဝင်တဲ့ ယဉ်ကျေးမှုတစ်ရပ် ထူထောင်ပြီး မသန်စွမ်းသူတွေ အခြားသူတွေလို တန်းတူလက်လှမ်းမီမှု ရရှိအောင်လုပ်ဆောင်ခြင်းဖြင့် နှစ်ဦးနှစ်ဖက် အကျိုးအမြတ် အပြန်အလှန်ရရှိမှာ ဖြစ်ပါတယ်၊ ဒါကြောင့်မလို့ ကျွန်ုပ်တို့အနေနဲ့ ကုမ္ပဏီတွေကို မတူကွဲပြားမှုကို အားပေးပြီး အရည်အချင်းအမျိုးမျိုးရှိတဲ့ ဝန်ထမ်းတွေကို ပိုမိုအလုပ်ခန့်အပ်ဖို့ တိုက်တွန်းချင်ပါတယ်၊ အခုကနေစပြီးတော့ ကုမ္ပဏီတွေက မသန်စွမ်းသူတွေကို အလုပ်စတင်ခန့်အပ်ဖို့ လုပ်ဆောင်သင့်တယ် ဒါမှမဟုတ် ခန့်ထားပြီးဖြစ်တဲ့ ဝန်ထမ်းအရေအတွက်ကို ပိုမိုများပြားအောင် လုပ်ဆောင်သင့်တယ်"*

ဤစာအုပ်၌ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဌ (၁) ဒေါက်တာ ဝင်းမြတ်အေး၏ အမှာစကားလည်းပါရှိပါသည်။ မြန်မာနိုင်ငံရှိမသန်စွမ်းသူများနှင့် သက်ဆိုင်သော သတင်းအချက်အလက်များ (အလုပ်လုပ်ကိုင်နိုင်သည့် အသက်အရွယ်၊ ကျား/မ၊ မသန်စွမ်းမှုအမျိုးအစား၊ ပညာအရည်အချင်း)၊ လုပ်ငန်းခွင်၌ မသန်စွမ်းသူများအား ခွဲခြားဆက်ဆံမှုဥပမာများ၊ မသန်စွမ်းသူများအား အကာအကွယ်ပေးခြင်းနှင့် လူမှုအသိုက်အဝန်းအတွင်း ၎င်းတို့၏ ပါဝင်လုပ်ဆောင်မှုများကို မြှင့်တင်ပေးနိုင်မည့် မြန်မာနိုင်ငံရှိ တရားရေးရာမူဘောင်များ၊ မသန်စွမ်းမှုဆိုင်ရာ စကားလုံး အသုံးအနှုန်း၊ အဓိပ္ပါယ်ဖွင့်ဆိုချက်များနှင့် မသန်စွမ်းသူများနှင့် ဆက်သွယ်ပြောဆိုခြင်း၊ မသန်စွမ်းသူများ၏ အောင်မြင်မှုဖြစ်ရပ်များ၊ အလုပ်ရှင်များအတွက် အကြံပြုချက်များ၊ အလုပ်ရှင်များနှင့် မသန်စွမ်းအဖွဲ့အစည်းများချိတ်ဆက်လုပ်ဆောင်နိုင်ရန် ဆက်သွယ်နိုင်ရန် လိပ်စာများနှင့် သတင်းအရင်း မြစ်များ ပါဝင်ပါသည်။

**နောက်ခံအကြောင်းအရာ**

၁။ မသန်စွမ်းသူများအားအလုပ်ခန့်ထားခြင်း - အလုပ်ရှင်များအတွက် လက်စွဲစာအုပ်" သည် မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာ၂မျိုးဖြင့် MCRB ၏ ဝဘ်ဆိုဒ်တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။ ဤလက်စွဲစာအုပ်မှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံမသန်စွမ်းအသင်းချုပ်တို့၏ အကူအညီဖြင့်မြန်မာ့စီးပွားရေး ကဏ္ဍတာဝန်ယူမှုရှိရေးအထောက်အကူပြုဌာန (MCRB) နှင့် အေအေအာဂျပန်အကူ အညီပေးရေးနှင့် ပြန်လည်ထူထောင်ရေးအသင်း (AAR Japan) တို့မှ အတူတကွ စီစဉ်ရေးသားထားခြင်းဖြစ်ပြီး၊ မြန်မာနိုင်ငံတွင် Japan International Cooperation Agency (JICA) ၏ မိတ်ဖက် အစီအစဉ်( Partnership Program) မှ အစိတ်အပိုင်း တစ်ခုလည်း ဖြစ်သည်။

၂။ မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (MCRB) ကို ၂၀၁၃ ခုနှစ်တွင် Institute for Human Rights and Business (IHRB) နှင့် ဒိန်းမတ် နိုင်ငံ အခြေစိုက် Danish Institute for Human Right (DIHR) တို့က အခြားနိုင်ငံအစိုးရများ၏ အကူအညီဖြင့် ထူထောင်ခဲ့ခြင်း ဖြစ်ပါသည်။ ရန်ကုန်မြို့တွင် အခြေစိုက်ပြီး စီးပွားရေး အဖွဲ့အစည်းများ၊ အရပ်ဖက် အဖွဲ့အစည်းနှင့် အစိုးရ အဖွဲ့အစည်း

များအကြား တာဝန်ယူမှုရှိသော စီးပွားရေး လုပ်ငန်းများဆိုင်ရာ ပညာ၊ ဗဟုသုတ ရရှိစေရန်လည်းကောင်း၊ အရည် အသွေးမြင့်မားစေရန် လည်းကောင်း ၊ နစ်ဦးနစ်ဖက်အကြား ဆွေးနွေးညှိနှိုင်းမှုများ ဖြစ်ပေါ်လာစေရန် နှင့် မြန်မာနိုင်ငံ တွင်တာဝန်ယူမှုရှိသော စီးပွားရေး လုပ်ငန်းများ ပေါ်ထွန်းလာရေးအတွက် အများ၏ ယုံကြည်မှုကို ရရှိသော သမာသမတ်ကျသော အဖွဲ့အစည်းတစ်ရပ် ဖြစ်ပေါ်လာစေရန် လည်းကောင်း ရည်ရွယ်ဖွဲ့စည်းခဲ့ပါသည်။ business disability international (bdi) နှင့်လည်း မဟာမိတ်ဖွဲ့စည်းထားပါ သည်။ သတင်းအချက်အလက် အပြည့်အစုံကို [www.myanmar-responsiblebusiness.org](http://www.myanmar-responsiblebusiness.org) တွင်ဝင်ရောက်ဖတ်ရှုပါ။

၃။အေအေအာ ဂျပန်အကူအညီပေးရေးနှင့် ပြန်လည်ထူထောင်ရေးအသင်း သည် အမြတ်အစွန်းကို အဓိကမထားသော နိုင်ငံတကာအဖွဲ့အစည်းဖြစ်ပြီး သဘောတရားရေးရာ ဆက်စပ်မှုများ မပါဝင်ဘဲ ကြားနေရေးနှင့် ဘက်မလိုက်မှုကို အခြေခံ၍ ကမ္ဘာတစ်ဝှမ်းရှိ လူသားများ၏ အကျိုးအတွက် ဖွဲ့စည်းထားသော အဖွဲ့အစည်း ဖြစ်ပါသည်။ ၁၉၇၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး အရေးပေါ်အကူ အညီပေးရေး လုပ်ငန်းများ၊ မသန်စွမ်းသူများအား အကူအညီပေးရေးလုပ်ငန်းများ၊ မိုင်းနှင့် ပတ်သက်သော ဆောင်ရွက်ချက်များ၊ ကျန်းမာရေးနှင့် လူထုအသိပညာပေးရေး လုပ်ငန်းများကို အကောင်အထည်ဖေါ် ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၀၀ ခုနှစ် မှစတင်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနလက်အောက်ရှိ လူမှုဝန်ထမ်းဦးစီးဌာနနှင် ပူးပေါင်းကာ အေအေအာဂျပန်သည် ရန်ကုန်မြို့တွင် မသန်စွမ်းသူများအတွက် သက်မွေးလုပ်ငန်း ပညာသင်ကျောင်း တစ်ကျောင်းကို ဖွင့်လှစ်ထားပါသည်။ ၎င်းသက်မွေးလုပ်ငန်းပညာ သင်ကျောင်းတွင် ဆံသသင်တန်း၊ စက်ချုပ်သင်တန်းနှင့် ကွန်ပျူတာသင်တန်းတို့ရှိပြီး မြန်မာနိုင်ငံ တစ်ဝှမ်းလုံးရှိမသန်စွမ်းသူပေါင်း ၁၇၀၀ကျော်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရန်ပံ့ပိုးပေးခဲ့ပါသည်။

၄။ မြန်မာ့စီးပွားရေး ကဏ္ဍတာဝန်ယူမှုရှိရေးအထောက်အကူပြုဌာန (MCRB) နှင့် အေအေအာ ဂျပန်အကူအညီပေးရေးနှင့် ပြန်လည်ထူထောင်ရေးအသင်း (AAR Japan) တို့မှ မသန်စွမ်းသူများ အလုပ်အကိုင်အခွင့်အလမ်းမြှင့်တင်ပေးရန် ရည်ရွယ်ချက်ဖြင့် ဒုတိယအကြိမ်မြောက် အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပသွားမည်ဖြစ်ပါသည်။ ပထမအကြိမ်အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့ပါသည်။

## သတင်းအချက်အလက်များအတွက်ဆက်သွယ်ရန်

ဒေါ်နှင်းဝတ်ရည်
သုတေသန နှင့် ဆက်သွယ်ညှိနှိုင်းရေး မန်နေဂျာ(MCRB)
hninwut.yee@myanmar-responsiblebusiness.org or 09450051946